# ၂၅ နှစ်ကြာ မျက်မှောက်သမိုင်း၏ သင်ခန်းစာ

သတင်းရင်းမြစ် >
သောကြာနေ့၊ စက်တင်ဘာလ ၂၀ ရက် ၂၀၁၃ ခုနှစ် ၀၈ နာရီ ၃၈ မိနစ်

---

လွန်ခဲ့သည့် ၂၅ နှစ် စက်တင်ဘာ ၁၈ ရက်သည် စစ်တပ်မှနိုင်ငံတော်အာဏာကို သိမ်းယူခဲ့သည့် နေ့တစ်နေ့ဖြစ်ပြီး မျက်မှောက်ကာလ ရေးသားနေကြသည့် သမိုင်းစာအုပ်၏ စာမျက်နှာအစဟု ခေါ်ဆိုလျှင် မှားမည်မထင်ပါ။

ထိုရက်သည် ၂၆ နှစ်တာကာလကြာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဟု အမည်ပေးထားသော အာဏာရှင်စနစ်တစ်ရပ်၏ နိဂုံးနေ့ဖြစ်သကဲ့သို့ အခြားသော စစ်အာဏာရှင် စနစ်တစ်ရပ်စတင်သည့် ပထမဆုံးနေ့တစ်နေ့လည်း ဖြစ်ခဲ့ခြင်းက
မြန်မာနိုင်ငံသားများအဖို့ ဝမ်းနည်းစရာ ဖြစ်ပေသည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ် တစ်ပါတီစနစ်ကို မကြိုက်သဖြင့် လူထုအားဖြင့် အုံကြွလှုပ်ရှားခဲ့သည့်ရှစ်လေးလုံး အရေးတော်ပုံကြီး၏ရလဒ်မှာ ပါတီစုံစနစ်ဖြင့် ရွေးကောက်ပွဲကျင်းပပေးမည်ဟု ကတိပေးပြီး တက်လာသည့် စစ်အာဏာရှင် စနစ်ကို တိုင်းပြည်က လက်ခံရရှိခဲ့ခြင်းဖြစ်ပေသည်။

ဆိုချင်သည်မှာ ပြီးခဲ့သည့် ၂၅ နှစ်တာကာလအတွင်း စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်ခံရသည့်ကာလ၊ ၁၉၉၀ ပါတီစုံ
ရွေးကောက်ပွဲ ကျင်းပပေးပြီး အုပ်ချုပ်မှုအာဏာ လွှဲပြောင်းပေးခြင်းမပြုဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အမျိုးသားညီလာခံ ခေါ်ယူကျင်းပသည့်ကာလ၊ ညီလာခံရပ်ဆိုင်းပြီး ဆယ်စုနှစ်တစ်ခုကျော်ကြာ ရပ်ဆိုင်းထားကာ
ပြည်သူ့ကိုယ်စားလှယ်များ မပါရှိသည့် စစ်တပ်အစိုးရဖြင့် နှစ်ကာလရှည် ကြာစွာ အုပ်ချုပ်ခဲ့သည့်ကာလစသည်ဖြင့် လှိုင်းထန်သည့် ခေတ်ကာလများကို ပြည်သူများ ဖြတ်သန်းခဲ့ ကြရသည်။ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများလည်း ထိုကာလကို ခက်ခက်ခဲခဲ ဖြတ်သန်းခဲ့ကြရသည်။ အပြင်မှာနေ၍ ဖြတ်သန်းရသည့်နိုင်ငံရေးသမားများထက် အကျဉ်း
ထောင်၊ အကျယ်ချုပ်စသည်ဖြင့် အချုပ်အနှောင်များဖြင့် ဖြတ်သန်းခဲ့ရသည့် နိုင်ငံရေးသမားများ ပိုများပြားခဲ့ပေသည်။

ယင်း အမှောင်ခေတ်ကာလများကို ခုနေ ပြန်စဉ်းစားပြီး ခေါင်းထဲတွင် အထင်ရှားဆုံး ပေါ်လာသည့် အချက်တစ်ချက် သည်ကား သမိုင်းမှ သင်ခန်းစာယူနိုင်ရေးပင် ဖြစ်သည်။ ကျွန်တော်တို့အနေဖြင့် ကိုလိုနီခေတ် လွတ်လပ်ရေး ကြိုးပမ်းမှုကာလ၏ သင်ခန်းစာ၊ လွတ်လပ်ရေးရပြီးနောက် ပြည်တွင်းစစ်ကာလ ပါလီမန်ဒီမိုကရေစီခေတ်၏ သင်ခန်းစာများလည်း ယူဖို့လိုအပ်သလို မဝေးသည့်ကာလ၏ သင်ခန်းစာများကို ပိုယူဖို့၊ ဆင်ခြင်တုံတရားဖြင့် သုံးသပ်ကြဖို့ လိုအပ်သည်ဟု ဆိုချင်ပါသည်။

၁၉၈၈ ခုနှစ် အရေးအခင်းကာလ နိုင်ငံရေး အဖြစ်အပျက်များ၊ ၁၉၈၉ ခုနှစ်နောက်ပိုင်း ပါတီစုံရွေးကောက်ပွဲကာလ အတွေ့အကြုံသင်ခန်းစာများကို ချုံ့ကြည့်လျှင် အုပ်ချုပ်သူ၊ အာဏာလက်ဝယ်ကိုင်ထားသူက ၎င်း၏ အကျိုးစီးပွားနှင့် လုံခြုံရေးအတွက် လိုက်လျောမှုများကို မလုပ်ဆောင်လိုသည်ကို တွေ့မြင်ရသလို ဒီမိုကရေစီအင်အားစု ခေါ်ခေါ် အတိုက်အခံ နိုင်ငံရေးအင်အားစုများဘက်မှလည်း မိမိတို့၏ အင်အားများကို ဘက်တစ်ဘက်ထဲတွင် ထားနိုင်
လောက်အောင် စုစည်းမှုမရှိခဲ့သည်ကို တွေ့ရမည် ဖြစ်သည်။

ပါတီအကျိုးစီးပွား၊ အဖွဲ့အစည်းအကျိုးစီးပွား၊ လူပုဂ္ဂိုလ်အကျိုးစီးပွားတို့က ဒီမိုကရေစီအရေး၊ လူထုအများအကျိုး စီးပွားများ၏ ရှေ့သို့ရောက်နေခဲ့သည့် သဘောလည်း တွေ့ရသည်။

ကုန်လွန်ခဲ့သည့် ၂၅ နှစ်တာကာလတွင် လှိုင်းထန်သော၊ မတ်စောက်နက်ရှိုင်းသော၊ ကြမ်းတမ်းသော အကွေ့အချိုး များသော တစ်ခါတစ်ရံ နောက်ပြန်လှည့်သွားသော အဖြစ်အပျက်များ၊ အပြောင်းအလဲများ လည်း ကြုံခဲ့ကြရသည်။ လာမည့်အနာဂတ် ကာလတွင် ကျွန်တော်တို့အနေဖြင့် လူပုဂ္ဂိုလ်ကို ဗဟိုပြုခြင်း၊

---

အားကိုးခြင်းထက် ရေရှည်တွင် စနစ်ကအာမခံခြင်း၊ စနစ်ကိုယုံကြည်ခြင်းတို့ဖြစ်အောင်လည်း ကြိုးစား ထိုက်ပေသည်။

ထို့ကြောင့် မှောင်မိုက်သော၊ ဖိနှိပ်မှုဒဏ်ခံစားခဲ့ရသည့် ကာလမှ လွတ်မြောက်ခါစ မျှော်လင့်ချက်ရောင်ခြည်များ သမ်းနေသည့် ယနေ့ကာလတွင် တစ်ပါတီတစ်ဖွဲ့ တစ်ဦး တစ်ယောက် အကျိုးစီးပွားထက် အများ အကျိုးစီးပွား၊
ရေရှည်အကျိုးစီးပွားကို ဦးတည်ကာ ကျန်သည့်ကိစ္စရပ်များကို လက်အောက်ခံ ပြဿနာ၊ ဒုတိယ ပြဿနာအဖြစ် ထားရှိကာ ရှေ့သို့လျှောက်လှမ်းသင့်ကြောင်း ၂၅ နှစ်ပြည့်မြောက်သည့် ကာလတွင် မဇ္ဈိမမှ တိုက်တွန်း ရေးသား လိုက်ရပေသည်။ (function(d, s, id) { var js, fjs = d.getElementsByTagName(s)[0]; if (d.getElementById(id)) return; js = d.createElement(s); js.id = id; js.src = "//connect.facebook.net/en_US/all.js#xfbml=1"; fjs.parentNode.insertBefore(js, fjs); }(document, 'script', 'facebook-jssdk')); Post by Burma News from Mizzima
.